## ၁၉၉၅ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ
## သက်တမ်းကုန်လုပ်ကွက်များနှင့် သတ်မှတ်လုပ်ကွက်(အသစ်)များ
## လုပ်ကိုင်ခွင့်ချထားပေးခြင်း လုပ်ထုံးလုပ်နည်းများ

၁။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် လုပ်ကွက်များ ချထားပေးရေးအတွက် လျှောက်ထားနိုင်သည့်လုပ်ကွက်များစာရင်းကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် ရုံးချုပ်(နေပြည်တော်)၊ မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများနှင့် ဖားကန့်မြို့၊မိုးညှင်းမြို့၊ခန္တီးမြို့များရှိ ကျောက်စိမ်းတူးဖော်ရေးဌာန၊စခန်းရုံးများတွင် ကြော်ငြာသင်ပုန်းများ၌ ကြော်ငြာထားရှိပြီး လုပ်ကွက်နေရာပြ မြေပုံစာအုပ်ကိုလည်း ကြည့်ရှုလေ့လာနိုင်ရန် ထားရှိပေးပါသည်။ လုပ်ကွက်များလျှောက်ထားနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထည့်သွင်း၍ ကြော်ငြာပေးပါသည်။

၂။ အဆိုပြုလွှာလျှောက်ထားနိုင်သည့်ကာလကို (၁)လအချိန်သတ်မှတ်ပေးပါသည်။ အဆိုပြုလွှာများကို အဆင်ပြေစွာ ထည့်သွင်းနိုင်ရေးအတွက် မော်/ကွက်ရပ်အလိုက် တင်ဒါပုံးများစီစဉ်ထားရှိပြီး ၎င်းတင်ဒါပုံးများကို အဖုံး(၂)ခုဖြင့် ချိတ်ပိတ်သော့ခတ်၍ အတွင်းအဖုံး၏သော့ကို ဌာန၏တာဝန်ရှိသူက ထိန်းသိမ်းထားရှိပါသည်။ လုပ်ကွက်လျှောက်ထားသူများ လျှောက်လွှာထည့်သွင်းနိုင်ရေးအတွက် တင်ပြလာသည့် စာအိတ်နှစ်အိတ်ထပ်၍ ထည့်သွင်းပြီး ချိတ်ပိတ်ထားသည့်စာအိတ်ကို လယ်ဂျာစာရင်းရေးသွင်းပြီး လျှောက်လွှာလက်ခံရေးအဖွဲ့ခေါင်းဆောင်က အပြင်အဖုံးသော့ကို ဖွင့်ပေးပြီး လုပ်ငန်းရှင်ကိုယ်တိုင်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းစေပါသည်။ ထည့်သွင်းပြီးပါက သော့ကို သေချာစွာပြန်ပိတ်၍ ချိတ်ထိုးပါသည်။

၃။ လျှောက်လွှာတင်သွင်းရန်သတ်မှတ်အချိန်ကာလစေ့မြောက်ပါက အောက်ပါပုဂ္ဂိုလ်များပါဝင်သော **မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအဖွဲ့**က ကြီးကြပ်၍ တင်ဒါပုံးများကို ဖွင့်ဖောက် ပြီး တင်ဒါစနစ်ဖြင့် အဆိုပြုငွေအများဆုံးပေးသွင်းသူကို လုပ်ကိုင်ခွင့်ချထားပေးပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(၈ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၉ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သတ္တုတွင်းဦးစီးဌာန

၄။ ထိုသို့လုပ်ကွက်များကိုစိစစ်ချထားပေးရာတွင် **လုပ်ငန်းရှင်များ၏ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်(၃)ဦးကို ဖိတ်ခေါ်၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ပါသည်။**

၅။ လုပ်ကိုင်ခွင့်ရရှိသူများစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်တွင် ကြော်ငြာဘုတ်တွင်ကပ်၍ ကြေညာပါသည်။ ထို့အပြင် လုပ်ကိုင်ခွင့်ချထားပေးသောလုပ်ကွက်များအတွက် လုပ်ကွက်အဆိုပြုငွေပေးသွင်းခြင်း၊ ခွင့်ပြုမိန့်ကတ်ထုတ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များကို အကြောင်းကြားပါသည်။

၆။ လုပ်ကွက်လျှောက်ထားသူသည် လုပ်ကွက်(၁)ကွက်လျှင် ကြမ်းခင်းဈေး(၁၀)သိန်း သတ်မှတ်ထားပြီး မည်သည့်လုပ်ကွက်ကို အဆိုပြုငွေမည်မျှဖြင့်လျှောက်ထားသည်ကို လျှို့ဝှက်စနစ်ဖြင့် လျှောက်ထားခြင်းဖြစ်သဖြင့် လုပ်ကွက်အဆိုပြုငွေကိုကြေညာခြင်းမပြုပါ။

၇။ မူလလက်ငုတ်လုပ်ငန်းရှင်က အဆိုပြုငွေအများဆုံးတင်သွင်းသူ၏ အဆိုပြုငွေအတိုင်း ပေးသွင်းနိုင်မည်ဆိုပါက ၎င်းလက်ငုတ်လုပ်ငန်းရှင်ကို ဦးစားပေးအနေဖြင့် လုပ်ကိုင်ခွင့်ချထားပေးပါသည်။ မူလ လက်ငုတ်လုပ်ငန်းရှင်က ထိုသို့အများဆုံးအဆိုပြုငွေကို ပေးသွင်းနိုင်ခြင်းမရှိပါက အဆိုပြုငွေ အများဆုံး ပေးသွင်းသူကိုသာ လုပ်ကိုင်ခွင့်ချထားပေးပါသည်။ တင်သွင်းသည့်အဆိုပြုငွေဈေးနှုန်းတူညီနေပါက တူညီနေသူများကို ထပ်မံယှဉ်ပြိုင်စေပြီး ပိုမိုပေးသွင်းသူကို လုပ်ကိုင်ခွင့်ချထားပေးပါသည်။

၈။ လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်အတွက်အဆိုပြုငွေကိုပေးသွင်းရာတွင် အာမခံစပေါ်ငွေကို ခုနှိမ်၍ ပေးသွင်းနိုင်ပါသည်။ လုပ်ကိုင်ခွင့်ချထားပေးခြင်းမပြုသော လုပ်ကွက်များအတွက် ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ပေးပါသည်။

၉။ လုပ်ကိုင်ခွင့်ရရှိသူက သတ်မှတ်အဆိုပြုငွေကို ပေးသွင်းပြီးပါက ကျောက်စိမ်း/ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်ကတ်ပြားကို သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက လက်မှတ်ရေးထိုး၍ ထုတ်ပေးပါသည်။ သက်ဆိုင်ရာ နယ်တူးဖော်ရေးဌာနများသို့လည်း လုပ်ကိုင်ခွင့်ပြုမိန့်ကတ်ပြားကို မိတ္တူပေးပို့ပါသည်။

၁၀။ လုပ်ငန်းရှင်က ကျောက်စိမ်း/ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်ကတ်ပြားကို သက်ဆိုင်ရာနယ်တူးဖော်ရေးဌာနများသို့ သွားရောက်ပြသပါက ကွင်းဆင်းတိုင်းတာရေးအဖွဲ့က လုပ်ကိုင်ခွင့်ရမြေနေရာကို တိုင်းတာ အပ်နှံပေးပြီး မြန်မာ့

ကျောက်မျက်ရတနာဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ တူးဖော်လုပ်ကိုင်စေပါသည်။

**မှတ်ချက်။ ယခုအခါ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြည်သူ့လွှတ်တော်တွင် ညှိနှိုင်း ရေးဆွဲလျက်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေကို ဆက်လက်ရေးဆွဲပြီး ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**